## First Steps မှကြိုဆိုပါသည်။

သင့်ကလေး၏ ဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်ပြီးစိုးရိမ်မှုတခုခုကြောင့် ကလေးကို First Steps ထံသို့ လွှဲပြောင်းလာပါသည်။ First Steps အနေနှင့် သင်သည်သင့်ကလေးအကြောင်းကို အသိဆုံးသူဟု ယုံကြည်ပါသည်၊ ထို့အတူ ၎င်းတို့အပေါ်သက်ရောက်မည့် ဆုံးဖြတ်ချက်များ နှင့်ပတ်သက်ပြီးသင့်အနေနှင့်ထိန်းချုပ်မှုရှိစေချင်သည်။ ဤကြိုဆိုစာအထုပ်တွင် ယင်းဆုံးဖြတ်ချက်များကို ချမှတ်ရန်နှင့် ကျွန်ုပ်တို့နှင့် စတင်ပူးပေါင်းဆောင်ရွက်ရန်အတွက် အထောက်အကူဖြစ်စေမည့် First Steps အစီအစဉ်နှင့် ပတ်သက်သော သတင်းအချက်အလက်များ ပါဝင်သည်။

## မိမိတို့ခံယူထားသည့်တာဝန်

First Steps သည် အင်ဒီယားနားပြည်နယ်၏ ငယ်ရွယ်စဉ်ကုသမှုပေးခြင်း အစီအစဉ်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် သင့်မိသားစုကဲ့သို့ပင် ဖွံ့ဖြိုးမှုဆိုင်ရာ နှောင့်နှေးမှုများ ကုံတွေ့နေရသော ကလေးငယ်များရှိသည့် Hoosier မိသားစုများနှင့် ပူးပေါင်းဆောင်ရွက်ပြီးကလေး၏ ဖွံ့ဖြိုးမှုကို တိုးတက်ကောင်းမွန်စေမည့် ဝန်ဆောင်မှုများနှင့် ချိတ်ဆက်ပေးရာတွင် ကူညီပေးသည်။

## First Steps သည် သင့်အတွက် မည်သို့အထောက်အကူဖြစ်စေသနည်း

မိသားစုများသည် ၎င်းတို့၏ကလေးများအတွက် အကောင်းဆုံး ဆရာ/မ များဖြစ်ကြသည်ကို ကျွန်ုပ်တို့အနေနှင့် ယုံကြည်ပါသည်။ ထို့ကြောင့် သင့်ကို မိတ်ဖက်အဖွဲ့ဝင်အဖြစ် သဘောထားပြီးသင့်ကလေး၏ ဖွံ့ဖြိုးတိုးတက်မှုကို အဓိကထား၍ အာရုံစိုက်ပါသည်။

သင့်ကလေးသည် သူသိကျွမ်းသည့်သူများနှင့် သင့်အိမ် သို့မဟုတ် ကလေး စောင့်ရှောက်မှုဂေဟာကဲ့သို့ အကျွမ်းတဝင်ဖြစ်သောနေရာများ တွင် ကစားခြင်းကဲ့သို့သော နေ့စဉ်လုပ်ရှားမှုများ မှတဆင့် အကောင်းဆုံးလေ့လာသင်ကြားပါသည်။

First Steps သည် သင့်ကလေး၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်အတွက် မှန်ကန်သော ပံ့ပိုးမှုရင်းမြစ်များကို ပေးအပ်၍ သင့်မိသားစုကို စွမ်းအားမြှင့်တင်ပေးရန် ဖြစ်ပါသည်။ ကျွန်ုပ်တို့အနေနှင့် ပြည်နယ်အနှံ့ ပံ့ပိုးမှုကွန်ရက်နှင့် ချိတ်ဆက်ပေးပြီးသင်နေထိုင်သည့်နေရာတွင် တွေ့ဆုံရန်ရည်မှန်းပါသည်။ ကျွန်ုပ်တို့၏ အစဉ်အမြဲတိုးတက်ပြောင်းလဲမှုရှိသော လက်တွေ့ဆောင်ရွက်ချက်များသည် သင့်လိုအပ်ချက်များကို ပိုမိုဖြည့်ဆည်းနိုင်ရန်အတွက် လက်ရှိ သက်သေအထောက်အထား နှင့် သုတေသနအပေါ် အမြဲတမ်းအခြေခံပါသည်။

> သင့်ကလေး၏ ဖွံ့ဖြိုးတိုးတက်မှု ခရီးစဉ်တွင် သင်နှင့်အတူပူးပေါင်းဆောင်ရွက်ခွင့် ရရှိသည့်အတွက် ဝမ်းမြောက်မိပြီး သင့်မှာ မေးခွန်းများ တစုံတရာရှိပါက ဖြေကြားပေးပါမည်။ မေးခွန်းများ သို့မဟုတ် ပြဿနာများ တခုခုရှိပါက သင့်အတွက် ဝန်ဆောင်မှု ညှိနှိုင်းဆောင်ရွက်ရေးတာဝန်ခံကို ဆက်သွယ်နိုင်ပါသည်။

ဝန်ဆောင်မှု ညှိနှိုင်းဆောင်ရွက်ရေးတာဝန်ခံ အမည် **(Service Coordinator Name)**

ဖုန်းနံပါတ် **(Phone Number)**

အီးမေးလ်ပ်စာ **(Email Address)**

# မိသားစုအတွက် တဦးချင်းအလိုက် ဝန်ဆောင်မှုအစီအစဉ် (IFSP)

၏ရည်မှန်းချက်သည် First Steps မိသားစုများကို စွမ်းအားမြှင့်တင်ပေးရန်ဖြစ်ပါသည်။ ကျွန်ုပ်တို့အနေနှင့် သင်နှင့်သင့်ကလေးအတွက် အကောင်းဆုံး ဖြစ်စေပြီးသင့်ကလေး၏ လေ့လာသင်ကြားမှုနှင့် ဖွံ့ဖြိုးမှုအတွက် အထောက်အကူဖြစ်မည့် ပံ့ပိုးမှုကွန်ရက်နှင့် ချိတ်ဆက်ပေးလိုပါသည်။

## မိသားစုအတွက် တဦးချင်းအလိုက် ဝန်ဆောင်မှုအစီအစဉ် (IFSP)

မိသားစုအတွက် တဦးချင်းအလိုက် ဝန်ဆောင်မှုအစီအစဉ် သို့မဟုတ် IFSP သည် သင်နှင့်သင့်ကလေး ရရှိမည့်ဝန်ဆောင်မှုအတွက် ဆောင်ရွက်ရန်အစီအစဉ် တခုဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စမ်းသပ်စစ်ဆေးမှုအဖွဲ့ နှင့် ဝန်ဆောင်မှု ညှိနှိုင်းဆောင်ရွက်ရေးတာဝန်ခံများသည် ဤအစီအစဉ်အစိတ်အပိုင်းများအဖြစ် မည်သည့် ဝန်ဆောင်မှုများ ပါဝင်မည်ဆိုသည့် ကိစ္စများကို အဖြေရှာဆွေးနွေးရန်အတွက် သင်နှင့်သင့်ဆရာဝန်နှင့် ပူးပေါင်းဆောင်ရွက်ပါသည်။

## First Steps သည် မိသားစုကိုဦးစားပေးပါသည်

First Steps သည် မိသားစုကို အမြဲတမ်းဦးစားပေးပေးပါသည်။ မိဘများသည် ကလေး၏ ပထမဦးဆုံးနှင့် အကောင်းဆုံး ဆရာ/မ များဖြစ်ပါသည်၊ ကလေး၏ ပုံမှန်လည်ပတ်မှုများကို အခြားသူများထက် ပိုမိုသိရှိထားသူများဖြစ်ပါသည်။ ငယ်ရွယ်စဉ်ကုသမှုပေးရာတွင် မိဘများကို ကုသစောင့်ရှောက်မှုအဖွဲ့၏ တန်းတူအဖွဲ့ဝင်အဖြစ် စွမ်းအားမြှင့်တင်ပေးသောအခါ နှင့် ကလေး၏ဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်သောအခါ အထိရောက်ဆုံးဖြစ်ပါသည်။

ကျွန်ုပ်တို့သည် ပူးပေါင်းဆောင်ရွက်မှုကို အားပေးပါသည်။ သင့်ကလေးသည် ခရီးစဉ်၏အဆင့်တိုင်းတွင် မှန်ကန်သော စောင့်ရှောက်မှု နှင့် ညွှန်ကြားချက်ကို သေချာစွာရရှိစေရန်အတွက် သင်၏ ဝန်ဆောင်မှုပေးသူအနေနှင့် သင်နှင့်ပူးပေါင်းဆောင်ရွက်ပါလိမ့်မည်။

## First Steps သည် အောက်ပါဝန်ဆောင်မှုများနှင့် ချိတ်ဆက်မှု ဆောင်ရွက်ပေးနိုင်သည်၊

### အကြားအာရုံလေ့လာကုသမှု

အကြားအာရုံလေ့လာမှုတွင် သင့်ကလေး၏ အကြားအာရုံကို စမ်းသပ်စစ်ဆေးရန် နှင့် အကြားအာရုံပျက်စီးခြင်း ဖြစ်မဖြစ်၊ ဖြစ်ခဲ့လျှင် မည်မျှပျက်စီးနေပြီးမည်သည့်အမျိုးအစား ဖြစ်သည်ကို သိရှိရန်အတွက် ကျွမ်းကျင်သူတဦးပါဝင်သည်။ အကြားအာရုံအထူးကုများသည် နားကြားကိရိယာကဲ့သို့သော အထူးကိရိယာ သို့မဟုတ် သင့်ကလေး၏ ပြောဆိုဆက်သွယ်မှု ဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်မည့် အခြားသော ဝန်ဆောင်မှုများကို ရယူရန်အကြံပြုနိုင်သည်။

### ဖွံ့ဖြိုးမှုဆိုင်ရာအထူးကုထုံး (DT)

ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အထူးကုထုံးပေးသူများသည် ကလေး၏ ဖွံ့ဖြိုးတိုးတက်မှု၊ လေ့လာသင်ကြားမှု နှင့် အပြုအမူကို အပြည့်အစုံနားလည်သူများ ဖြစ်ပါသည်။ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အထူးကုထုံးပေးသူသည် သင့်ကလေး၏ ဖွံ့ဖြိုးမှုနယ်ပယ်အသီးသီးတွင် တိုးတက်ကောင်းမွန်စေမည့် ပတ်ဝန်းကျင်များ နှင့် လုပ်ရှားမှုများကို စီစဉ်နိုင်သည်၊ ယင်းတွင် သိမြင်နားလည်နိုင်မှုဆိုင်ရာ ဆောင်ရွက်ခြင်း၊ လူမှုရေး အပြန်အလှန်ဆက်ဆံရေး၊ ဘာသာစကား တတ်မြောက်မှု နှင့် ခက်ခဲမှုဖြစ်သော အပြုအမူ၊ စသည်တို့ ပါဝင်သည်။

### အာဟာရဆိုင်ရာ ဝန်ဆောင်မှုများ

အာဟာရဆိုရာတွင် စားသောက်သောအလေ့အထများ နှင့် စားသောက်နိုင်စွမ်းများ ဆိုင်ရာပြဿနာကို အဖြေရှာခြင်းဖြစ်ပါသည်။ မှတ်ပုံတင်ထားသော အာဟာရကျွမ်းကျင်သူများအနေနှင့် စားသုံးမှုကြောင့် သင့်ကလေး၏ ကြီးထွားမှုအပေါ် မည်သို့အကျိုးသက်ရောက်သည်ကို ဆန်းစစ်ရန်အတွက် သင့်ကိုကူညီနိုင်သည်၊ ထို့အတူ အစားအစာကို ထိတွေ့ခံစားရသည့် အနေအထား၊ သိပ်သည်းမှုအပေါ် တုံ့ပြန်မှုများ နှင့် အားကောင်းသော ဦးနှောက်ဖွံ့ဖြိုးမှု နှင့် ကြီးထွားမှုအတွက် လိုအပ်သော ကိုယ်အလေးချိန်တိုးတက်မှု၊ စသည့်ပြဿနာများကို မည်သို့ဖြေရှင်းရန်အတွက် သင့်ကိုကူညီနိုင်သည်။

### နေ့စဉ်လုပ်ရှားဆောင်ရွက်မှု အထူးကုထုံး (OT)*

နေ့စဉ်လုပ်ရှားဆောင်ရွက်မှုအထူးကုထုံးပေးသူသည် စားသုံးခြင်း၊ ဝတ်ဆင်ခြင်း၊ ကစားခြင်းနှင့် အခြားသော ကြွက်သားအသေးလုပ်ရှားမှုဆိုင်ရာ တတ်ကျွမ်းမှုများ အတွက် လိုအပ်သော လုပ်ရှားမှုဆိုင်ရာ ဟန်ချက်ညီမှုတွင် ကူညီပေးပါသည်။ OT များသည် အာရုံခံမှုဆိုင်ရာ စီစဉ်ဆောင်ရွက်မှု ပြဿနာများကို ဖြေရှင်းရန် ကျွမ်းကျင်မှုများလည်းရှိပါသည်။

continued...



first steps

## ကိုယ်လက်လှုပ်ရှားမှု အထူးကုထုံး (PT)*

ကိုယ်လက်လှုပ်ရှားမှုအထူးကုထုံးပေးသူသည် သင့်ကလေး၏ အရိုးများ၊ ကြွက်သားများ၊ အဆစ်များနှင့် အာရုံကြောများ အသုံးပြုမှုကို တိုးတက်ကောင်းမွန် စေရန်အတွက် ကူညီပေးပါသည်။ ကိုယ်လက်လှုပ်ရှားမှုအထူးကုထုံးပေးသူသည် ကျန်းမာလာစေမည့် ကိုယ်လက်လေ့ကျင့်ခန်း အစီအစဉ်ကို စီစဉ်ရန်အတွက် သင့်ကိုကူညီပါလိမ့်မည်၊ ထို့အတူ သင့်ကလေးကို လှုပ်ရှားမှု၊ ခွန်အား၊ ပခြောင်းလွယ်ပြင်လွယ်ဖြစ်မှု နှင့် ရွှေ့လျှားမှု အမျိုးမျိုး သင်ပေးပါလိမ့်မည်။

## စိတ်ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ

ငယ်ရွယ်စဉ်ကုသမှုပေးရာတွင် စိတ်ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများသည် လူမှုရေးနှင့်စိတ်ခံစားမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို အာရုံစိုက်ပါသည်။ စိတ်ပိုင်းဆိုင်ရာကျန်းမာရေးအထူးကုများသည် သင့်ကလေး၏ အပြုအမူများကို ထိန်းကျောင်းရန်အတွက် နည်းလမ်းများကို စီစဉ်ရာတွင် ကူညီပေးနိုင်ပါသည်၊ ယင်းတွင် အကံပြုဆွေးနွေးခြင်း၊ မိဘကို နည်းပေးခြင်း နှင့် အထောက်အကူဖြစ်စေမည့် သတင်းအချက်အလက် အရင်းအမြစ်များကို မျှဝေခြင်းများပါဝင်သည်။

## လူမှုအကျိုးဝန်ဆောင်မှုများ

လူမှုအကျိုးဆောင်လုပ်ငန်းသည် သင့်မိသားစုကို ပံ့ပိုးကူညီခြင်းနှင့် ဘဝအတွက် စိန်ခေါ်မှုများကို ကျော်ဖြတ်နိုင်ရန်အတွက် ကူညီခြင်းနှင့် သက်ဆိုင်ပါသည်။ လူမှုအကျိုးဆောင်များသည် သင့်မိသားစုအတွက် အကံပြုဆွေးနွေးမှုနှင့် မိဘအုပ်စုများကို စီစဉ်ဆောင်ရွက်ပေးပြီးအခြားသော လူမှုအသိုင်းအဝိုင်းဆိုင်ရာ ပံ့ပိုးမှုရင်းမြစ်များနှင့်ပံ့ပိုးမှုများနှင့် ချိတ်ဆက်ပေးသည်။

## နှုတ်အပြောအဆို/ဘာသာစကား ရောဂါဗေဒ ဌာန (SLP)

နှုတ်အပြောအဆိုနှင့်ဘာသာစကားဆိုင်ရာ ရောဂါဗေဒပညာရှင်များသည် ပြောဆိုဆက်သွယ်မှု သို့မဟုတ် ဘာသာစကားဆိုင်ရာ ချို့ယွင်းမှုများနှင့် နှောင့်နှေးမှုများကို အာရုံစိုက်ပါသည်။ နှုတ်အပြောအဆိုနှင့် ဘာသာစကားဆိုင်ရာ အထူးကုထုံးပေးသူများသည် ဘာသာစကားနှင့် ပြောဆိုဆက်သွယ်မှုဆိုင်ရာ တတ်ကျွမ်းမှုများကို တိုးတက်ကောင်းမွန် စေရန်အတွက် သင်နှင့်သင့်ကလေးနှင့် ပူးပေါင်းဆောင်ရွက်ပါလိမ့်မည်။ သင်နှင့်အတူပူးပေါင်းပြီးသင့်ကတေဘာသာစကား၊ ရုပ်ပုံများ သို့မဟုတ် အခြားနည်းဖြင့် ဆက်သွယ်ရေးကိရိယာများ ကဲ့သို့သော ပြောဆိုဆက်သွယ်ရန်အတွက် အခြားနည်းလမ်းများကို ပြင်ဆင်နိုင်သည်။ နှုတ်အပြောအဆိုဆိုင်ရာ အထူးကုထုံးပေးသူများသည် သင့်ကလေးအနေနှင့် အစားအသောက် စားသုံးရန်နှင့် အသံများကို ထွက်ဆိုရန် သူ/သူမ၏ပါးစပ်ကို မည်သို့အသုံးပြုသည့်အပေါ် စီစဉ်ဆောင်ရွက်ပေးနိုင်သည်။

## အမြင်အာရုံ ဝန်ဆောင်မှုများ

အမြင်အာရုံ ဝန်ဆောင်မှုများတွင် အမြင်အာရုံ ချို့ယွင်းမှု၊ မျက်စိကွယ်ခြင်း သို့မဟုတ် သင့်ကလေး၏ ဖွံ့ဖြိုးတိုးတက်မှုအပေါ် အကျိုးသက်ရောက်နိုင်မည့် အမြင်အာရုံ ပျက်ပြားခြင်းကို သိရှိရန်အတွက် ပါဝင်သည်။ ဖြစ်နိုင်ခြေရှိသောကုသမှုဆိုင်ရာ ဝန်ဆောင်မှုများတွင် သင်တန်းပေးခြင်း နှင့် သင့်ကလေး၏ အမြင့်ဆုံးစွမ်းဆောင်ရည်ကို ရရှိနိုင်ရန်အတွက် သင်နှင့်သင့်ကလေးနှင့် ပူးပေါင်းဆောင်ရွက်သော ရွှေ့လျားသွားလာနိုင်မှုဆိုင်ရာ အထူးကု သို့မဟုတ် မျက်စိကွယ်ခြင်း / အမြင်အာရုံ လျော့နည်းခြင်း အထူးကု၊ စသည်တို့ပါဝင်နိုင်သည်။

*နှေ့စဉ်နေထိုင်လှုပ်ရှားမှု နှင့် ကိုယ်လက်လှုပ်ရှားမှု အထူးကုထုံးနှစ်မျိုးစလုံးသည် ရုပ်ပိုင်းဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းပေးသည်။ ကိုယ်လက်လှုပ်ရှားမှုအထူးကုထုံးပေးသူ အနေနှင့် ကြွက်သားကြီးလှုပ်ရှားနိုင်စွမ်းများ (ခြေလက်နှင့်ခေါင်းကို ရွှေ့လျားနိုင်စွမ်း နှင့် အသုံးပြုနိုင်စွမ်း) ကို အာရုံစိုက်ပြီးနေ့စဉ်လှုပ်ရှားဆောင်ရွက်မှုအထူးကုထုံးပေးသူ အနေနှင့် ကြွက်သားအသေးလှုပ်ရှားနိုင်စွမ်းများ နှင့် အဝတ်အစားဝတ်ဆင်ခြင်း၊ အစားအစာ စားသုံးခြင်း နှင့် အိမ်သာတက်ခြင်း၊ စသည့် မိမိကိုယ်မိမိကူညီနိုင်မည့် ကျွမ်းကျင်မှုများကို အာရုံစိုက်ပါသည်။

## ထို့အပြင် များစွာရှိပါသည်

First Steps သည် သင့်ကလေးအတွက် ရည်ရွယ်သော ဝန်ဆောင်မှုများနှင့်လည်း ချိတ်ဆက်ပေးသည်၊ ဥပမာအားဖြင့် အထောက်အကူပေးသော နည်းပညာဝန်ဆောင်မှုများ၊ ရောဂါရှာဖွေသော ကျန်းမာရေးဝန်ဆောင်မှုများ၊ ကျန်းမာရေးနှင့် သူနာပြုဆိုင်ရာ ဝန်ဆောင်မှုများ၊ သယ်ယူပို့ဆောင်ရေး နှင့် အခြားသောအရာများ၊ စသည်တို့ပါဝင်သည်။ First Steps အစီအစဉ်တွင်ပါဝင်သောအခါ ပြည်နယ်အနှံ့ရှိ လုပ်ငန်းကျွမ်းကျင်သူများ၏ ပံ့ပိုးမှုပေးသောကွန်ရက်နှင့် အချိတ်အဆက်မိပါသည်။

# လုပ်ထုံးလုပ်နည်းဆိုင်ရာလမ်းညွှန်များ

## ကျွန်ုပ်တို့၏ မျှော်မှန်းချက်

First Steps သည် ကလေးတို့၏ အမြင့်ဆုံးစွမ်းဆောင်ရည်ကို ရရှိသည့်အထိ ဖွံ့ဖြိုးရန် နှင့် အောင်မြင်ထမြောက်ရန် အင်ဒီယားနားပြည်နယ်ရှိ မိသားစုများ အနေနှင့် နို့စို့အရွယ် ကလေးငယ်များ နှင့် လမ်းလျှောက်ခါစကလေးများအတွက် ကိုယ်စားပြုပြောဆိုပေးနိုင်ရန် ခိုင်မာသော အခြေခံအုတ်မြစ် ရရှိစေချင်သည်။ ထို့ကြောင့် အသင်းအဖွဲ့တခုအဖြစ် သင်နှင့်သင့်ကလေးနှင့်အတူ ပူးပေါင်းဆောင်ရွက်ခြင်း၊ ကလေးတို့၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် ထောက်ခံအားပေးခြင်း နှင့် ကျွန်ုပ်တို့အတူတကွ ရွေးချယ်သည့် မှန်ကန်သောဝန်ဆောင်မှုများကို ဆောင်ရွက်ပေးခြင်းဖြစ်ပါသည်။

စုပေါင်းဆောင်ရွက်မှုမှတဆင့် သင့်ကလေးကို တိုးတက်အောင်မြင်စေရန်အတွက် စွမ်းဆောင်ရည်များ၊ ဖွံ့ဖြိုးတိုးတက်မှု နှင့် ဗဟုသုတများကို ရရှိစေရန် ကူညီပေးမည်။

## မိသားစုများအနေနှင့် အခွင့်အရေးများ အမြောက်အမြားရှိပါသည်

အစီအစဉ်တွင်ပါဝင်သော ကလေးများ၏ မိဘများအတွက် မသန်စွမ်းမှုဖြစ်သောပုဂ္ဂိုလ်များအတွက် ပညာသင်ကြားရေး အက်ဥပဒေ (IDEA) အရ အကာအကွယ်များစွာရှိပါသည်။ ယင်းအကာအကွယ်များကို "လုပ်ထုံးလုပ်နည်းဆိုင်ရာလမ်းညွှန်များ" ဟုသိရပြီးသင့်အနေနှင့် သတင်းအချက်အလက်များ ရရှိစေရန်နှင့် အချိန်သော လုပ်ရှားဆောင်ရွက်မှုများကို အကောင်အထည်မဖော်မီ သင့်ခွင့်ပြုချက် ပေးခွင့်ရရှိစေခြင်း၊ သင့်ကလေးနှင့် မိသားစု၏ မှတ်တမ်းများ၏ လျှို့ဝှက်လုံခြုံမှု နှင့် ရယူအသုံးပြုမှုကို တားဆီးကာကွယ်ထားခြင်း၊ နှင့် ဖြစ်ပေါ်လာမည့် သဘောထားကွဲလွဲမှုများ နှင့် အငြင်းပွားမှုများကို ဖြေရှင်းရန် နည်းလမ်းအမျိုးမျိုး ရယူအသုံးပြုနိုင်ခြင်း၊ စသည်တို့ကို သချောစေသည်။

### 1 မိသားစုများအနေနှင့် သဘောတူခွင့်ပြုချက်ပေးပိုင်ခွင့်ရှိသည်။

ဝန်ဆောင်မှုများတွင် ပါဝင်ရန်အတွက် ခွင့်ပြုချက်ပေးခြင်း သို့မဟုတ် ခွင့်ပြုချက်ကို ထိန်းသိမ်းထားခြင်းများဖြင့် မိဘများအနေနှင့် ရွေးချယ်နိုင်သည်။ ကျွန်ုပ်တို့၏ ရည်မှန်းချက်သည် သင့်ကလေးနှင့်မိသားစုအတွက် အကြောင်းစုံ သိရှိနားလည်ပြီးမှ ဆုံးဖြတ်ချက်များ ချနိုင်ရန်အတွက် သင့်ကို စွမ်းအားမြှင့်တင်ပေးရန်ဖြစ်ပါသည်။

### 2 မိသားစုများအနေနှင့် ကြိုတင်အကြောင်းကြားမှု ရရှိခွင့်ရှိသည်။

မိဘများသည် အရေးကြီးသော လုပ်ရှားဆောင်ရွက်မှုများ သို့မဟုတ် ဝန်ဆောင်မှုများတွင် ပြောင်းလဲမှုများ မဖြစ်မီ စာဖြင့်ရေးသားထားသော အကြောင်းကြားစာ လက်ခံရရှိပါလိမ့်မည်။ ယင်းသည် သင်နှင့်သင့်ကလေး နှင့် မည်သို့ ပူးပေါင်းဆောင်ရွက်မည်ကို အဆိုပြုကြောင်းနှင့် ပတ်သက်ပြီးသင့်အနေနှင့် သချောစွာသိရှိစေပြီးဆက်လက်ဆောင်ရွက်သင့်မသင့် စဉ်းစားရန်အချိန်ရရှိစေသည်။

### 3 မိသားစုများအနေနှင့် ကိုယ်ရေးကိုယ်တာကိစ္စလုံခြုံမှု အခွင့်အရေးရှိသည်။

ကိုယ်ရေးကိုယ်တာလျှို့ဝှက်လုံခြုံမှုသည် First Steps အတွက် အရေးအကြီးဆုံးဖြစ်ပါသည်။ ဥပဒေအရခွင့်ပြုသည်မှလွဲ၍ သင်၏ခွင့်ပြုချက်ကို ဦးစွာမရရှိပဲ သင်၊ သင့်ကလေး သို့မဟုတ် သင့်မိသားစုကို လူကိုယ်တိုင်သိရစေမည့် အချက်အလက်မှန်သမျှကို ဤအစီအစဉ်၏ပြင်ပနှင့် မျှဝေမည်မဟုတ်ပါ။

### 4 မိသားစုများအနေနှင့် သဘောမတူခွင့်ရှိသည်။

မိသားစုများသည် မိမိ၏ကလေးများ အကြောင်းကို အသိဆုံးသူများဖြစ်ကြောင်း ကျွန်ုပ်တို့အနေနှင့် ယုံကြည်ပါသည်။ သင့်အနေနှင့် သဘောမတူခွင့်ရှိသည်၊ ထို့အတူ ပြဿနာဖြေရှင်းနည်း အသစ်များရှာဖွေရန်အတွက် သင်နှင့်ပူးပေါင်းဆောင်ရွက်မည်။ သင်၏စိုးရိမ်မှုများကို အဖြေရှာရန်အတွက် သင့်အနေနှင့် အငြင်းပွားမှုနှင့်ပတ်သက်၍ တရားဝင်ဖြေရှင်းနည်းများကို ရွေးချယ်ခွင့်ရှိသည်။

First Steps တွင်ပါဝင်သော မိသားစုများအားလုံးအတွက် ဖက်ဒရယ်ဥပဒေမှ ယင်းအခွင့်အရေးများကို အာမခံထားပေးပါသည်။ သင့်မိသားစုအနေနှင့် First Steps အစီအစဉ်တွင် ပါဝင်သည့်အချိန် တလျှောက်လုံးတွင် သင့်အခွင့်အရေးများ အကြောင်းကို သင့်ဝန်ဆောင်မှု ညှိနှိုင်းဆောင်ရွက်ရေးတာဝန်ခံမှ ရှင်းပြမည်ဖြစ်ပြီးလုပ်ထုံးလုပ်နည်းဆိုင်ရာလမ်းညွှန်များနှင့် ပတ်သက်သော အသေးစိတ်အချက်အလက်များကို မျှဝေပေါလိမ့်မည်။ ယင်းစာရွက်စာတမ်းအချက်အလက်များကို ပြန်လည်ဖတ်ရှုရန် နှင့် ပံ့ပိုးမှုရင်းမြစ်များအဖြစ် သိမ်းထားရန် တိုက်တွန်းပါသည်။

# အနာဂတ်အဆင့်များ

First Steps အစီအစဉ်မှ ထွက်ခွာသွားရန် သင်နှင့်သင့်ကလေးအတွက် ခက်ခဲသည်ကို နားလည်သဘောပေါက်ပါသည်။ အနာဂတ်အတွက် မျှော်မှန်းကြည့်သောအခါ ရွေးစရာနည်းလမ်းများစွာရှိသည့် ကြီးမြားသောပြောင်းလဲမှုတခုကဲ့သို့ ခံစားရနိုင်သည်။

ကံကောင်းစွာဖြင့် သင့်ဝန်ဆောင်မှု ညှိနှိုင်းဆောင်ရွက်ရေးတာဝန်ခံသည် ထိုရွေးစရာနည်းလမ်းများကို ပိုမိုနားလည်စရေန်အတွက် သင့်ကိုကူညီနိုင်မည်ဖြစ်ပြီး အနာဂတ်အဆင့်များအတွက် ဆုံးဖြတ်ရာတွင် သင်နှင့်အတူ ပူးပေါင်းဆောင်ရွက်ပါမည်။ အနာဂတ်တွင် နေရာချထားမှု၊ ဝန်ဆောင်မှုများ နှင့် သင့်လူမှုအသိုင်းအဝိုင်း အတွင်း ပံ့ပိုးကူညီမှု၊ စသည့်အကြောင်းများကို ဆွေးနွေးမည်ဖြစ်ပြီးပြောင်းလဲမှုများအတွက် ကြိုတင်ပြင်ဆင်ရာတွင် သင်နှင့်သင့်ကလေးကို ကူညီပါလိမ့်မည်။ ပိုမို ကောင်းမွန်သော စောင့်ရှောက်မှုရရှိစရေန်အတွက် သင့်ကလေး၏လိုအပ်ချက်များနှင့် ပတ်သက်သည့် အရေးကြီးသောအချက်အလက်များကိုပင် First Steps အနေ နှင့် အနာဂတ်တွင် ဝန်ဆောင်မှုပေးမည့်သူများကို ပြောပြနိုင်သည်။

**အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများတွင် သင့်ကလေးပါဝင်နိုင်ခွင့် ရှိမရှိ ဆုံးဖြတ်ရန်အတွက် သင်၏ဝန်ဆောင်မှု ညှိနှိုင်းဆောင်ရွက်ရေးတာဝန်ခံနှင့် ကူးပြောင်းမှုဆိုင်ရာ တွေ့ဆုံဆွေးနွေးခြင်းသည် အလွန်အရေးကြီးပါသည်။ အနာဂတ်အကူအညီနှင့် သက်ဆိုင်၍ သင်နှင့်သင့်ကလေး၏ လိုချင်သောအရာများ နှင့် လိုအပ်ချက်များ နှင့်ပတ်သက်ပြီးအကြောင်းအရာသိရှိနားလည်ပြီးမှ ဆုံးဖြတ်ချက်ချနိုင်ရန်အတွက် သချောစွာဆောင်ရွက်ပေးချင်ပါသည်။ ဤအစည်းအဝေးသည် သင့်ကလေးအနေနှင့် First Steps အစီအစဉ်ပြီးဆုံးသောအခါ အနာဂတ်ဝန်ဆောင်မှုပေးသူများထံသို့ နွေးထွေးသောလွှဲပြောင်းမှု ဖြစ်စေသည်။ ယင်းအစည်းအဝေး တွင် သင့်ကလေး၏ ကူးပြောင်းမှုအတွက် ရွေးစရာနည်းလမ်းများ နှင့်ပတ်သက်ပြီးသင်ကိုယ်တိုင် ဆုံးဖြတ်ချက်ချရပါလိမ့်မည်။**

ကလေး၏ သုံးနှစ်ပြည့်မွေးနေ့တွင် **First Steps**အစီအစဉ်မပြီးသေးခင် ကူးပြောင်းမှုဆိုင်ရာ တွေ့ဆုံဆွေးနွေးခြင်း မတိုင်မီ ဝန်ဆောင်မှု ညှိနှိုင်းဆောင်ရွက်ရေး တာဝန်ခံ နှင့်ဆွေးနွေးရန် ဖြစ်နိုင်ခြေရှိသော ရွေးပိုင်ခွင့်များကို အောက်တွင် စာရင်းဖော်ပြထားပါသည်။

## ပြည်သူပိုင်ကျောင်းစနစ်

ပြည်သူပိုင်ကျောင်းစနစ်သည် မူကြိုမှစ၍ သင့်ကလေး၏ လိုအပ်ချက်များကို ထပ်ဆောင်း စစ်ဆေးသုံးသပ်နိုင်ပြီးကျောင်းပတ်ဝန်းကျင်အတွင်း ဝန်ဆောင်မှု များကို ဆောင်ရွက်ပေးနိုင်မည်။

- ပြည်သူပိုင်ကျောင်းစနစ်များ အားလုံးသည် First Steps ကဲ့သို့ပင် ပြောဆို ဆက်သွယ်ရေးဝန်ဆောင်မှုများ၊ နေ့စဉ်လုပ်ရှားဆောင်ရွက်မှု အထူးကုထုံး၊ ကိုယ်လက်လှုပ်ရှားမှု အထူးကုထုံး၊ သယ်ယူပို့ဆောင်ရေး နှင့် အခြားသော ဝန်ဆောင်မှုများကို အလားတူ ကူညီဆောင်ရွက်ပေးသည်။

## ပြည်နယ်အစိုးရ၏ ပံ့ပိုးမှုရင်းမြစ်များ

- ပြည်နယ်အစိုးရနနေ့င့် ကျောင်းအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းပြီးအသက် သုံးနှစ်အရွယ် သင့်ကလေးအတွက် အချို့သော ဝန်ဆောင်မှုများကို ဆောင်ရွက် ပေးနိုင်သည်။  ဆုံးဖြတ်ထားသော သင့်ကလေး၏ လိုအပ်ချက်များအပေါ် မူတည်ပြီးအောက်ပါဖော်ပြထားသော ကျောင်းများရှိပါသည်။
- အင်ဒီယားနားပြည်နယ်၏ နားမကြားများအတွက် ကျောင်း
- အင်ဒီယားနားပြည်နယ်၏ မျက်မမြင်များအတွက် ကျောင်း

## Head Start

- Head Start သည် ဖက်ဒရယ်အစိုးရ၏အစီအစဉ် တခုဖြစ်ပြီးအသက်ငါး နှစ်အောက်ကလေးများ၏ ကျောင်းအတွက် အဆင်သင့်ဖြစ်မှုကို တိုးတက် ကောင်းမွန်စေသည်။ First Steps ကဲ့သို့ပင် Head Start သည် မိသားစုကို ဦးစားပေးသော အစီအစဉ်ဖြစ်သည်။
- Head Start သည် မိဘများ၏ အခန်းကဏ္ဍကို ကလေး၏ပထမဦးဆုံး နှင့် အရေးအကြီးဆုံးသော  သင်ပြသူများအဖြစ် အလေးထားပါသည်။ ဤ အစီအစဉ်များသည် မိသားစု၏ သုခချမ်းသာရရှိရေး နှင့် အခြားသော ဖွံ့ဖြိုး တိုးတက်မှုအစိတ်အပိုင်းများစွာတို့ကို ကူညီပံ့ပိုးသော မိသားစုများနှင့် ဆက်ဆံရေးတည်ဆောက်ရန်အတွက် ကူညီပေးသည်။

## ဆေးခန်းတွင် အထူးကုထုံး နှင့် အိမ်တွင် အထူးကုထုံး

- သင့်ကလေးအနနေ့င့် First Steps အစီအစဉ်တွင် ပြီးဆုံးသောအခါ ပုဂ္ဂလိကပိုင် အထူးကုထုံး နှင့် ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များ ချက်ချင်း စတင်နိုင်သည်။

## တရားဝင်ကုသမှုမရှိခြင်း

First Steps မူကြိုကျောင်းအစီအစဉ်သည် မိသားစုများအား အစီအစဉ် ကူးပြောင်းရေးတွင် ကူညီရန်အတွက် အလေးထားဆောင်ရွက်ပေးပါသည်။ သင့် ကလေးကို ပြည်သူပိုင်မူကြိုကျောင်း၏ အထူးပညာသင်ကြားရေး ဝန်ဆောင်မှု များတွင် မပါဝင်စချေင်ပါက သင့်အနနေ့င့် ကူးပြောင်းရေးအစည်းအဝေးတွင် ဆုံးဖြတ်နိုင်သည်။ ချောမွေ့လွယ်ကူသော လက်ရှိအစီအစဉ်ကူးပြောင်းရေး ကို သင့်အနနေ့င့် ငြင်းပယ်ပြီးနောက်မှဆုံးဖြတ်ချက်ပြောင်းလဲမည်ဆိုပါက အကျိုးခံစားခွင့် ရရှိနိုင်မှုအပါအဝင် သင့်ကလေး၏ တတိယမြောက်မွေးနေ့ တွင် ဝန်ဆောင်မှုများစတင်ရရှိရန်အတွက် အာမခံခြင်းမရှိပါ။ အကူးအပြောင်း တခုချင်းစီနှင့် သင့်မိသားစုအပေါ် သက်ရောက်မှုများ၏ အသေးစိတ် အကြောင်းအရာနှင့် ပတ်သက်ပြီးသင်၏ ဝန်ဆောင်မှု ညှိနှိုင်းဆောင်ရွက်ရေး တာဝန်ခံနှင့် တိုင်ပင်ပါ။

- အကူးအပြောင်း တခုချင်းစီနှင့် သင့်မိသားစုအပေါ် သက်ရောက်မှုများ၏ အသေးစိတ်အကြောင်းအရာနှင့် ပတ်သက်ပြီးသင်၏ ဝန်ဆောင်မှု ညှိနှိုင်း ဆောင်ရွက်ရေးတာဝန်ခံနှင့် တိုင်ပင်ပါ။

## နောက်ထပ်ရွေးချယ်စရာနည်းလမ်းများ

မိဘအတွက်အားလပ်ရက် (parent’s day out)၊ မူကြိုကျောင်း၊ မိဘနှင့် ကျောင်းဆရာ/ဆရာမတို့၏ ပူးပေါင်းဆောင်ရွက်မှု နှင့် ကလေးစောင့်ရှောက် မှု အစီအစဉ်ကဲ့သို့သော သင့်လူမှုအသိုင်းအဝိုင်းအတွင်းရှိ ကလေးငယ် စောင့်ရှောက်ရေး နှင့် ပညာသင်ကြားရေး ဆိုင်ရာ အခြားသောနည်းလမ်းများကို ရှာဖွေလိုလျှင်ရှာဖွေနိုင်သည်။

**အကြောင်းအရာများကို ပိုမိုသိရှိလိုပါက 211 သို့မဟုတ် သင့်ဒေသတွင်း ကလေးစောင့်ရှောက်ရေး ပံ့ပိုးမှုရင်းမြစ်များ နှင့် လွှဲပြောင်းမှုပေးသော အေဂျင်စီအဖွဲ့ကို ဆက်သွယ်နိုင်သည်။**

# သင်၏ First Steps ခရီးစဉ်

First Steps ခရီးစဉ်ကို အစမှ အဆုံးထိ လျှောက်လှမ်းကြရအောင်။

## 1 First Steps ထံသို့လွှဲပြောင်းခြင်း

မည်သူမဆို ကလေးတဦးဦးကို First Steps ထံသို့ လွှဲပြောင်းနိုင်သည်။ မိသားစုများအနေနှင့် အစီအစဉ်အတွက် စာရင်းသွင်းသောရုံးသို့ တိုက်ရိုက်ဆက်သွယ်ခြင်းဖြင့် First Steps ထံသို့ "မိမိကိုယ်တိုင်လွှဲပြောင်းခြင်း" ပြုနိုင်သည်။ သို့သော်ငြားလည်း၊ မိသားစုများကို ကလေးဆရာဝန်များ၊ ကလေးစောင့်ရှောက်မှုပေးသူများ သို့မဟုတ် လူမှုရေးဝန်ဆောင်မှုအေဂျင်စီအဖွဲ့အစည်းများမှလည်း ယင်းအစီအစဉ်သို့ လွှဲပြောင်းနိုင်သည်။

## 2 စာရင်းလက်ခံခြင်း

ဖွံ့ဖြိုးမှုဆိုင်ရာ နှောင့်နှေးမှုများရှိမရှိ သိရှိရန် နှင့် အစီအစဉ်တွင်ပါဝင်နိုင်ခွင့် ရှိမရှိ ဆုံးဖြတ်ရန်အတွက် နယ်ပယ်အသီးသီးမှ ကျွမ်းကျင်သူများအဖွဲ့နှင့်အတူ အခမဲ့ စမ်းသပ်စစ်ဆေးမှု နှင့် အကဲဖြတ်စစ်ဆေးမှု ခံယူရန်အတွက် ဝန်ဆောင်မှု ညှိနှိုင်းဆောင်ရွက်ရေးတာဝန်ခံ တဦးဦးမှ ရက်ချိန်းစီစဉ်ပါလိမ့်မည်။

- သင့်မိသားစု၏ ဝင်ငွေနှင့်အာမခံကြေး အပေါ်မူတည်၍ ရှေ့ဆက်ဝန်ဆောင်မှုများအတွက် အခကြေးပေးရနိုင်သည်။ သင်၏ပါဝင်မှုအတွက် ကုန်ကျစရိတ်ပေးရနိုင်ခြေရှိမရှိ၊ ပေးရမည်ဆိုပါက သင့်အပေါ်မည်သို့သက်ရောက်မည်၊ စသည့်အကြောင်းနှင့်ပတ်သက်၍ သင့်ဝန်ဆောင်မှု ညှိနှိုင်းဆောင်ရွက်ရေးတာဝန်ခံက သင်နှင့်ဆွေးနွေးတိုင်ပင်ပါလိမ့်မည်။

## 3 ထိုအဖွဲ့နှင့် ဆက်သွယ်ခြင်း

ဝန်ဆောင်မှု ညှိနှိုင်းဆောင်ရွက်ရေးတာဝန်ခံသည် First Steps အစီအစဉ်တွင် သင့်မိသားစုပါဝင်သည့် အချိန်တလျှောက်လုံးတွင် သင်နှင့်အတူ ပူးပေါင်းဆောင်ရွက်ပါလိမ့်မည်။

- ဝန်ဆောင်မှု ညှိနှိုင်းဆောင်ရွက်ရေးတာဝန်ခံများသည် သင့်ကလေးနှင့်မိသားစုအတွက် ဝန်ဆောင်မှုများ ပေးနိုင်သည့် အေဂျင်စီအဖွဲ့အစည်းအမျိုးမျိုးနှင့် ဆက်သွယ်ရန် တာဝန်ရှိသည်။

## 4 အစီအစဉ်ကို ပြင်ဆင်ခြင်း

- ဝန်ဆောင်မှု ညှိနှိုင်းဆောင်ရွက်ရေးတာဝန်ခံ အပါအဝင် သင်နှင့် သင်ထည့်သွင်းချင်သောသူများ (ဥပမာအားဖြင့်၊ အခြားသော မိသားစုဝင်များ၊ ကလေးစောင့်ရှောက်မှုပေးသူများ၊ ငယ်ရွယ်စဉ်ကလေးများကို ကုသပေးသူများ၊ စသဖြင့်) တို့သည် စမ်းသပ်စစ်ဆေးမှုရလဒ်များကို ပြန်လည်ဖတ်ရှုခြင်း၊ စိုးရိမ်မှုများနှင့် အရေးကြီးသောအရာများ အကြောင်းကို ဆွေးနွေးခြင်း နှင့် သင့်ကလေးအတွက် အစီအစဉ်ရည်မှန်းချက်များကို ဆုံးဖြတ်ခြင်း၊ မည်သည့်ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးခြင်း၊ နှင့် တိုးတက်မှုများကို မည်သည့်နေရာနှင့် မည်သို့တိုင်းတာမည်ဖြစ်ခြင်း၊ စသည်တို့အတွက် တွေ့ဆုံဆွေးနွေးပါလိမ့်မည်။
- ယင်းအချက်အလက်များကို စုဆောင်းပြီးမိသားစုအတွက် တဦးချင်းအလိုက် ဝန်ဆောင်မှုအစီအစဉ် (IFSP) တွင် ထည့်ရေးပါသည်။

## 5 ဝန်ဆောင်မှုများကိုစတင်ခြင်း

- သင်၏ IFSP အစီအစဉ်မှ ရရှိသောအချက်အလက်များ အပေါ်မူတည်ပြီးငယ်ရွယ်စဉ်ကုသမှုစတင်ရန်အတွက် First Steps မှ သင်နှင့်သင့်ကလေးအတွက် ကိုက်ညီမည့် သင်နေထိုင်ရာဧရိယာတွင်ရှိသော ဝန်ဆောင်မှုများနှင့် ချိတ်ဆက်ပေးလိမ့်မည်။
- သင်၏ IFSP အစီအစဉ်ကို ပြင်ဆင်ပြီးနောက် မကြာမီအချိန်အတွင်း ဝန်ဆောင်မှုများကို စတင်သင့်သည်။

## 6 အစီအစဉ်ကို ပြန်လည်ဖတ်ရှုသုံးသပ်ခြင်း

- IFSP အစီအစဉ်ကို ပြန်လည်ဖတ်ရှုသုံးသပ်ခြင်းကို ခြောက်လတကြိမ် ဆောင်ရွက်ပြီးအစီအစဉ်တွင်ပါဝင်နိုင်ခွင့် ရှိမရှိ နှစ်စဉ် အဆုံးအဖြတ်ပေးပါသည်။
- သင့်ကလေးနှင့် မိသားစု၏လိုအပ်ချက်များ ဖြစ်ပေါ်ပြီးပြောင်းလဲသကဲ့သို့ ကျွန်ုပ်တို့၏ဝန်ဆောင်မှုများလဲ အလားတူဖြစ်ပါသည်။

## 7 အနာဂတ်အဆင့်များ

- သင့်ကလေးအနေနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ မှတ်တိုင်များတွင် ရောက်ရှိသောအခါ သို့မဟုတ် ကလေး၏တတိယမြောက်မွေးနေ့နှင့် နီးစပ်လာသောအခါ သင်နှင့်သင့်မိသားစုအနေနှင့် အစီအစဉ်ကူးပြောင်းရာတွင် သင့်လျော်သည့်ဝန်ဆောင်မှုများ ရှာဖွေရန်အတွက် First Steps မှ သင်နှင့်ပူးပေါင်းဆောင်ရွက်ပါလိမ့်မည်။
- သင်၏ First Steps အဖွဲ့မှ အချက်အလက်များကို ပေးအပ်မည်ဖြစ်ပြီးအနာဂတ်အဆင့်များအတွက် ရွေးစရာနည်းလမ်းများ အကြောင်းကို ဆွေးနွေးပေးပါလိမ့်မည်။ ကျောင်းနှင့် လူမှုအသိုင်းအဝိုင်းကို အခြေခံသော နေရာများသို့ ကူးပြောင်းရာတွင် ကျွန်ုပ်တို့အနေနှင့် ကူညီရန်အသင့်ရှိပါသည်။